ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့ (24-11-2011) (မြ၅၃)

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

### ပြည်သူ့လွှတ်တော် အစည်းအဝေး

**ပြည်သူ့လွှတ်တော်အစည်းအဝေး ရက်(၅၀)မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**
(သတင်းစဉ်)



# ပြည်သူ့လွှတ်တော်အစည်းအဝေး ရက်(၅၀)မြောက်နေ့ ဆက်လက်ကျင်းပ

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု

နေပြည်တော် နိုဝင်ဘာ ၂၃

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ရက်(၅၀)မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၄)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ကြသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက **အပိုဒ် ၂ (ခ)**နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်း ထားရှိရန်တင်ပြရာ ကန့်ကွက်သူမရှိသည့်အတွက် ဦးဝင်းဦး၏အဆို အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

**အပိုဒ် ၂ (ဆ)**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုဆက်လက်တင်သွင်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လက်ခံနိုင်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**အပိုဒ် ၂ (ဈ)**နှင့်စပ်လျဉ်း၍ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက မူလပြဋ္ဌာန်းချက်သည် ပြီးပြည့်စုံသည်ဟု ယူဆရပါသဖြင့် အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိရန်တင်ပြပြီး ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က ဦးသောင်းဟန်၏ပြင်ဆင်ချက်အဆိုသည် မူလပြဋ္ဌာန်းချက်ထက် ပိုမိုပြည့်စုံသည်ဟုယူဆပါသဖြင့် လက်ခံနိုင်ပါကြောင်းနှင့် ဦးဝင်းဦးက ဝန်ကြီးဌာနက လက်ခံသည့်အတိုင်း သဘောတူပါကြောင်းဖြင့် တင်ပြကြသည်။

သို့ဖြစ်၍ ဦးသောင်းဟန်၏အဆိုကို ကန့်ကွက်သူမရှိသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

ယ နေ့ သ တ င် း အ ညွှ န် း

### သောက်တော်ရေခွက်တွင် ဗုဒ္ဓမြတ်စွယ်တော်ပုံရိပ် ထူးဆန်းစွာပေါ်ထွန်း

ပြည်တွင်းသတင်း စာမျက်နှာ - ၅

### တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမနှစ်သင်တန်း ဒီဇင်ဘာ ၇ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်တွင်းသတင်း စာမျက်နှာ - ၅



### စင်ရော်ခေါင်းညိုနှင့် ခေါင်းမည်း နေ့စဉ် အကောင်တစ်ရာခန့် အင်းလေးကန်ဒေသသို့ ဝင်ရောက်ဆောင်းခို

ပြည်တွင်းသတင်း စာမျက်နှာ - ၇

### ပုံမှန်သွေးလှူဒါန်းခြင်းဖြင့် အမှုအကျင့်ကောင်း တည်ဆောက်သကဲ့သို့ဖြစ်စေ

ပြည်တွင်းသတင်း စာမျက်နှာ - ၈

### အမေရိကန်နှင့် ဥရောပစီးပွားရေးတုံ့ဆိုင်းမှု ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ပိုမိုကျဆင်းစေ

### စီအိုင်ဒေအေသတင်းပေးများ၏ ဖုန်းများကို အီရန်နှင့် လက်ဘနွန်၌ ဖော်ထုတ်နိုင်ဟုဆို

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ကြေးမုံစာတည်းရှုထောင့်

၂၄-၁၁-၂၀၁၁ [ကြာသပတေးနေ့]။

## ရွှေရောင်လွှမ်းသော မြေပေါ်မှ အဖြူရောင်နှလုံးသားများ၏ ဂုဏ်သိက္ခာ

မြန်မာနိုင်ငံကို "ရွှေရောင်လွှမ်းသောမြေ" (Golden Land)ဟု ဆိုကြသည်။ အထူးသဖြင့်တော့ ဤဝေါဟာရကို ခရီးသွားလုပ်ငန်းဘက်တွင် တွင်တွင်ကျယ်ကျယ်သုံးစွဲကြသည်။

နိုင်ငံတစ်ဝန်းလုံးရောက်လေရာရာတွင် မြင်တွေ့ရတတ်သည့် ဘုရား၊ တန်ဆောင်း၊ ကျောင်းပြာသာဒ်များ၏ အဆင်းအရောင်၊ ရင့်မှည့်ချိန်တွင် ဝင်းဝါနေတတ်သော မျက်စိတစ်ဆုံး စပါးခင်းတို့၏ အဆင်းအရောင်တို့က တစ်ခေါက်တစ်ခါ ရောက်လာတတ်သော ကမ္ဘာအရပ်ရပ်မှ ခရီးသွားဧည့်သည်တို့၏ မံသစက္ခုအမြင်အာရုံတွင် ရွှေအဆင်း ရွှေအရောင်များအဖြစ် စွဲထင်နေကြလိမ့်မည်။ သို့ဖြင့် ကဗျာဆန်ဆန် ခံစားတတ်သူတို့က ရွှေရောင်လွှမ်းသောမြေဟု အမှတ်သညာပြုခဲ့ကြခြင်း ဖြစ်တန်ရာသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ပတ်ဝန်းကျင်နိုင်ငံများနှင့် ယှဉ်လျှင် နောက်တွင် ကျန်နေသေးသည်။ ခရီးသည် ဝင်ရောက်မှုအရေအတွက်ကို နှိုင်းယှဉ်ကြည့်ပါက အိမ်နီးချင်းနိုင်ငံတို့၏ အစွန်းထွက်မျှပင် မရတတ်သေး။ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်လည်း ကြိုးပမ်းရဦးမည်။ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာများဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် အားထုတ်ကြရဦးမည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်းပေါ်တွင် အခြေစိုက်သည်။ မြန်မာတို့၏ဘိုးဘွား ရှေးလူကြီးများ တည်ဆောက်ချန်ထားရစ်သည့် ဂုဏ်ယူဖွယ်ရှေးဟောင်းအမွေအနှစ်တို့ မြန်မာ့မြေပေါ်တွင် မြောက်မြားစွာကျန်ရစ်သည်။ ထို့အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက်လည်း သဘာဝမပျက်သေးသည့်၊ လူတို့ထိပါးခြင်းများစွာ မခံရသေးသည့် ရေမြေတောတောင်အလှတို့များစွာရှိနေသည်။ ပင်လယ်ကမ်းခြေခရီးသွားလုပ်ငန်းအတွက်လည်း လှပသည့်ပင်လယ်ကမ်းခြေများ ရှိနေသည်။

အဆိုပါ ခရီးသည်ဆွဲဆောင်မှု (tourist attractions) များထက်ပို၍ မြန်မာနိုင်ငံက ပိုင်ဆိုင်ထားသော အဖိုးတန်အရာတစ်ခုရှိသည်။ ဤအဖိုးတန်အရာမှာ အခြားမဟုတ်။ **မြန်မာလူမျိုးများသည် ရင်းနှီးဖော်ရွေကြသူများ၊ ကူညီစောင့်ရှောက်တတ်သူများဖြစ်ကြသည်**ဟူသော မှတ်ချက်စကားများပင် ဖြစ်သည်။ ဤမှတ်ချက်စကားသည် မြန်မာနိုင်ငံသို့ ရောက်လာခဲ့ကြပြီး မြန်မာလူမျိုးတို့နှင့် တွေ့ထိဆက်ဆံပြီးနောက်မှ ကမ္ဘာလှည့်ခရီးသည်တို့အချင်းချင်း သတင်းစကားဖလှယ်ကြကာ ပေါ်ထွက်လာခြင်းဖြစ်သည်။ ပန်းသတင်း လေညင်းဆောင်သည်၊ လူသတင်းကို လူချင်းဆောင်သည်ဟုပင် ဆိုရမည်။ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ မည်သည့်ဗျူဟာနှင့်မျှ ဤသို့သော ဂုဏ်သိက္ခာမျိုးကို ရနိုင်မည်မဟုတ်။

သို့ဖြစ်ရာ ရွှေရောင်လွှမ်းသော မြေ၏ ဂုဏ်သိက္ခာနှင့် လှပသောပုံရိပ်တို့ကို စွန်းထင်းစေသည့် ဖြစ်ရပ်တို့မဖြစ်ပေါ်စေရေးအတွက် ရှောင်ရှားကြရမည်။ သတိပြုကာကွယ် ထိန်းသိမ်းကြရမည်။ တစ်ကိုယ်တည်း ခရီးသွားသော တစ်ပြည်ရပ်ခြားမှ ခရီးသည်အမျိုးသမီးတို့ကို ကူညီဖေးမစောင့်ရှောက်ပေးကြရမည်။

နိုင်ငံနှင့် လူမျိုး၏ဂုဏ်သိက္ခာကို မေးမှိန် ယုတ်လျော့စေသည့် အပြုအမူမျိုးကို ကာကွယ်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။ ဧည့်သည်ကို အိမ်ရှင်က အလေးဂရုပြုသည်မှာ မြန်မာ့ယဉ်ကျေးမှုဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဧည့်ကောင်း ဆောင်ကောင်းတို့ကို မျက်ခြည်မပြတ် စောင့်ရှောက်ကြရမည်။

ထို့ပြင်တစ်ဝ မြန်မာလူမျိုးများသည် အဖြူရောင်နှလုံးသားပိုင်ရှင်များ ဖြစ်ကြသည်ဟူသော ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန်မှာလည်း မြန်မာတိုင်း၏ တာဝန်ဖြစ်သည်ဟူ၍ ဆိုချင်ပါသည်။ ။

## အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မွန်ပြည်နယ်ရှိ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၃**



အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် နိုဝင်ဘာ ၂၀ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ၂၃၀/၃၃/၁၁ ကေဗွီ (၁၀၀) အမ်ဗွီအေ စစ်တောင်းပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဓာတ်အားခွဲရုံဧည့်ခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းမန်နေဂျာက စစ်တောင်း အဝင်/အထွက် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း ၂၃၀/၃၃/၁၁ ကေဗွီ (၁၀၀) အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ပစ္စည်းများရောက်ရှိမှုနှင့် Switch Yard Foundation Electrical Installation လုပ်ငန်းများကို လည်းကောင်း၊ စီမံကိန်းညွှန်ကြားရေးမှူးက သထုံပင်မဓာတ်အားခွဲရုံ (တိုးချဲ့)လုပ်ငန်း၊ သထုံ-မော်လမြိုင် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း သံလွင်/ဂျိုင်း/အတ္ထရံမြစ်ကျော် ဆောင်ရွက်မည့် အခြေအနေနှင့် သိမ်ဇရပ်တွင် ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ ဆောက်လုပ်မည့် အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တောင်းပင်မဓာတ်အားခွဲရုံ Switch Yard Foundation တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ယင်းနောက် သထုံဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း Control Room ရှိ Control Panel Feeder အလိုက် ဓာတ်အားလက်ခံပို့လွှတ်မှုအခြေအနေ၊ GT(1) ပြုပြင်မှုအခြေအနေနှင့် ၂၃၀ ကေဗွီ Switch Yard အတွင်း ၂၃၀ ကေဗွီ သထုံ-မော်လမြိုင် မဟာဓာတ်အားလိုင်း တည်ဆောက်ရေး လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀) အမ်ဗွီအေ မော်လမြိုင် ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မော်လမြိုင် ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၁-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၂၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၆။ မွေးမြူသုတ
၄း၄၀ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၀)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -စူပါဟန်းစတား (အပိုင်း-၁)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၃)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၂၀၀၀ | ၀. ၀၃၂၀၅ |
| တရုတ် (ယွမ်) | ၆. ၃၅၂၇၀ | ၀. ၁၅၇၄၁ |
| အိန္ဒိယ (ရူပီး) | ၅၂. ၁၁၀၀ | ၀. ၀၁၉၁၉ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၈၈၆ | ၀. ၃၁၃၅၉ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၆၅၇ | ၀. ၇၆၅၃၆ |
| ဂျပန် (ယန်း) | ၇၇. ၁၉၇၃ | ၀. ၀၁၂၉၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၄. ၀၃ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၄၆၂၅ | ၁. ၃၄၀၀၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၃၅ | ၁. ၅၅၉၂၀ |

*အင်တာနက်။*



## စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

စီးပွားရေးတက္ကသိုလ်(၁၉၉၄-၁၉၉၅)ဘွဲ့ရများ ဦးဆောင်သောအဖွဲ့၏ နဝမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ်(၁)၌ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဦးဆောင်သောအဖွဲ့ဥက္ကဋ္ဌ ဦးသက်ဦးက အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခ ဒေါက်တာဦးလေးကြည်က ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ (ကြေးမုံ)



## ရန်ကုန်(အနောက်ပိုင်း)ဆေးရုံကြီးသို့ သွေးခွဲစက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

မေတ္တာရှင်ဆရာတော် အရှင်ဇဝနဆရာတော်၏ တပည့်ဒါယကာဖြစ်သော ဦးအောင်ဆန်းဦး (ဆရာဦးအောင်ကျော်သန်း-သချ်ာ)၊ ဇနီး ဒေါ်တင်ထားနိုင်တို့ ဦးဆောင်၍ မိတ်ဆွေ ဆရာ၊ ဆရာမများ၊ တပည့်သားသမီးများ၊ မိတ်ဆွေအပေါင်းအသင်းများ စုပေါင်း၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ရန်ကုန်(အနောက်ပိုင်း) ပြည်သူ့ဆေးရုံကြီးတွင် သွေးသွင်းရန်လိုအပ်သော ရောဂါဝေဒနာရှင်များ၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသော ကလေးသူငယ်များအတွက် လိုအပ်သော သွေးခွဲစက်တစ်လုံး ဝယ်ယူရန်အတွက် အလှူငွေကျပ် ၅၃ သိန်းကို နိုဝင်ဘာ ၁၆ ရက်က ဦးအောင်ဆန်းဦး (ဆရာဦးအောင်ကျော်သန်း-သချ်ာ)နှင့် ဆရာဦးသန်းလွင် (ဓာတုဗေဒ)တို့က အဆိုပါဆေးရုံကြီး ကလေးကုသဆောင်၌ သွားရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်တင်နှင့် ကလေးကုသဆောင်တာဝန်ခံ ဆရာမကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေတို့က လက်ခံကြသည်။**(အပေါ်ပုံ)**

အဆိုပါအလှူငွေကို ဦးအောင်ဆန်းဦး (ဆရာဦးအောင်ကျော်သန်း -သချ်ာ)က ယခုနှစ်တွင် ပညာသင်ကြားနေသော (၈၊ ၉၊ ၁၀) တန်း တပည့်သားသမီးများ၊ တပည့်ဟောင်းများထံမှ ထည့်ဝင်လှူဒါန်းစေခဲ့ပြီး မိတ်ဆွေဆရာ၊ ဆရာမများနှင့် အပေါင်းအသင်းများကလည်း ထည့်ဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

## ရွှေတောင်မြို့ အထက်တန်းကျောင်း အကြိမ်(၂၀)မြောက် အာစရိယပူဇော်မည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရွှေတောင်မြို့ အထက်တန်းကျောင်း အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးခင်မောင်သန်း (ရွှေတောင်) ဖုန်း-၀၉-၅၃၁၀၁၈၄၊ ဦးခင်မောင်သွင်(ရွှေတောင်) ဖုန်း-၀၅၃-၅၅၃၅၅၊ ဦးသန်းဆွေ (ရွှေတောင်) ဖုန်း-၀၅၃-၅၅၁၇၆နှင့် ဦးအောင်ဝင်းနိုင် (ရန်ကုန်) ဖုန်း-၀၉-၄၃၀၄၃၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ ပကတိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု၊ လွှတ်တော်၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**လာရောက်တွေ့ဆုံ**

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E.Thurston နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)





## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား AFPPD မှ Executive Director နှင့် UNFPA မှ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား Asian Forum for Parliamentarians on Population and Development (AFPPD) မှ Executive Director Mr. Shiv Khare သည် UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel- Ahad နှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ စွမ်းဆောင်ရည်မြင့်မားရေးဆောင်ရွက်မှုနှင့် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက ဖုန်း-၀၁-၃၉၈၇၅၆၊ ၀၁-၃၇၁၃၄၂ နှင့် ၀၁-၂၀၁၉၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

(သတင်းစဉ်)

## (၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုမဲပေါင်း ၁၅၀၀၇ ဆု ဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

(၂၇၅)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ် (၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီ အထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသိန်းဆုဖွင့်ပွဲတွင် ငွေကျပ် သိန်း(၁၀၀၀) တစ်ဆု၊ ငွေကျပ်သိန်း(၅၀၀) တစ်ဆု၊ ငွေကျပ်သိန်း(၃၀၀) သုံးဆု၊ ငွေကျပ်သိန်း(၂၀၀) ငါးဆု၊ ငွေကျပ်သိန်း (၁၀၀) ၁၄ ဆု၊ ငွေကျပ်(၁၀)သိန်း ၃၃၆ ဆု၊ ငွေကျပ်(၅)သိန်း ၁၃ ဆု၊ ငွေကျပ် (၃)သိန်း ၁၆၃ ဆု၊ ငွေကျပ်(၂)သိန်း ၁၃၆၀ ဆုနှင့် ငွေကျပ်(၁)သိန်း ၁၃၁၁၁ ဆု အပါအဝင် ဆုမဲပေါင်း ၁၅၀၀၇ ဆု ဖွင့်မည်ဖြစ်သည်။

(သတင်းစဉ်)

**လက်ခံ**

**တောင်ဥက္ကလာပမြို့နယ် ရွှေပြည်စိုးအိမ်ရာ(၁၄/၂) ရပ်ကွက် မြိုင်တန်းသာလမ်းနေ ဦးစိုင်းထွန်းလင်း (အိုးအိမ်) - ဒေါ်ခင်နွယ်ထွေး (HORIZON, INT'L SCHOOL) သမီး Dr နန်းခိုင်ဇံလင်းတို့က (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်ငါးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံစဉ်။**

(ကြေးမုံ)

**သင့်ကြောင့် ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်**



## ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများ အမှတ်တရနေ့ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားနှင့် ပဉ္စမအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်လျက်ရှိသည်။

အဆိုပါ အခမ်းအနားတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်းဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံ ပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရေးဦးတည်ရန်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာ ပေးရေး ဦးတည်ရန်တို့ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲအတွက် သွားလာမှုချောမွေ့ဖို့၊ ယာဉ်အန္တရာယ်ကာကွယ်စို့၊ အန္တရာယ်ကင်းစင် လမ်းတစ်ခွင် ပါဝင်သမျှ ပူးပေါင်းကြ၊ လမ်းကောင်း၊ ယာဉ်ကောင်း၊ စည်းကမ်းကောင်း၊ ခညောင်းမင်္ဂလာ၊ သတိတစ်ချက်၊ အသက်ပေါင်းများစွာ၊ ကြိုတင်ကာကွယ်၊ ယာဉ်အန္တရာယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှု လူမှုဘဝအကျိုးပြု ခေါင်းစဉ်တစ်ခုခုဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရာ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက် ပုံများကို (၁၅လက်မ × လက်မ ၂၀) အရွယ်အစားနှင့် နှစ်သက်ရာ စက္ကူ ဆေးရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏ လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏ နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ် ရေးထိုးခြင်းမပြုရ၊ ဒစ်ဂျစ်တယ်ပိုစတာ ပြိုင်ပွဲအတွက် သင့်လျော်သည့်ကွန်ပျူတာဖြင့် ရေးဆွဲ၍ ပိုစတာပန်းချီများကို Compact Disc (CD-Rom)တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဆုရပြီးသောပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရ၊ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ× ၁၄ လက်မ) (ဆေးရောင်စုံဓာတ်ပုံ) ဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား၊ ကျောင်းသူများပါဝင်ယှဉ်ပြိုင်နိုင်သည့် စာစီစာကုံး ပြိုင်ပွဲ တို့ကိုလည်း ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင် ဝတ္ထုတို၊ဆောင်းပါး၊ ကာတွန်း၊ ပိုစတာနှင့် ဒစ်ဂျစ်တယ်ပိုစတာများကို ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး (၅၁)လမ်း ပုဇွန်တောင်မြို့နယ်သို့ လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အမှတ်(၂၇/၂၉) (၃၅) လမ်းအောက် ပထမထပ် ကျောက်တံတားမြို့နယ်သို့ လည်းကောင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီ နောက်ဆုံးထား ပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကိုယ်တိုင် ထမင်းနှင့်ဟင်း ချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**



အမေရိကန်နိုင်ငံ ရစ်ချ်မွန်းမြို့ရှိ ရေနံချက်စက်ရုံကို တွေ့ရစဉ်။

# အမေရိကန်နှင့် ဥရောပစီးပွားရေးတုံ့ဆိုင်းမှု ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ပိုမိုကျဆင်းစေ

**စင်ကာပူ နိုဝင်ဘာ ၂၃**

အမေရိကန်၏ စီးပွားရေးတိုးတက်မှု အလားအလာများ တုံ့ဆိုင်းသွားခြင်းနှင့် ဥရောပနိုင်ငံများ၌ ကြွေးမြီပြဿနာများ ဖိစီးနေခြင်းတို့ကြောင့် ကမ္ဘာ့ရေနံဈေးကွက်တွင် ဈေးနှုန်းကျဆင်းမှုများ ဖြစ်ပေါ်ရကြောင်း စီးပွားရေးဆန်းစစ်သူများက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့်ဥရောပတိုက်တို့၏ စီးပွားရေးရာ အခြေအနေအရ ရေနံစိမ်းဈေးကွက်များ၌ ဈေးနှုန်းကျဆင်းမှုများ ဖြစ်ပေါ်ရကြောင်း ဘာကလေရင်းနှီးမြှုပ်နှံမှုအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘာပေါ်၌ စီးပွားရေးအရ အင်အားအကြီးဆုံးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံသည် လက်ရှိဘဏ္ဍာရေးနှစ်၏ တတိယသုံးလပတ်ကာလတွင် စီးပွားရေးတိုးတက်မှုနှုန်း ၂ ဒသမ၅ ရာခိုင်နှုန်းရှိနိုင်သည်ဟူသော ကနဦးခန့်မှန်းချက်အစား နှစ်ရာခိုင်နှုန်းသာလျှင် တိုးတက်နိုင်သည်ဟု ယင်းနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဌာနက နိုဝင်ဘာ ၂၂ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှုအများဆုံးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း ပိုမိုလျော့နည်းသွားခြင်းသည် ရေနံဈေးကွက်အပေါ် အကျိုးသက်ရောက်နိုင်ကြောင်း ဆန်းစစ်သူများက ပြောကြားသည်။

**အင်တာနက်။**

# စီအိုင်အေသတင်းပေးများ၏ ဖုန်းများကို အီရန်နှင့် လက်ဘနွန်၌ ဖော်ထုတ်နိုင်ဟုဆို

**တီဟီရန် နိုဝင်ဘာ ၂၃**

အီရန်နှင့်လက်ဘနွန်နိုင်ငံတို့၌ လုပ်ကိုင်နေကြသော အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ) သတင်းပေး ၁၂ဦးထက်မနည်းကို တာဝန်မှရပ်နားလိုက်ရကြောင်း၊ အကြောင်းမှာ ယင်းနိုင်ငံများရှိ တန်ပြန်ထောက်လှမ်းရေးအဖွဲ့အစည်းများက စီအိုင်အေသတင်းပေးများ အသုံးပြုသော မိုဘိုင်းဖုန်းများနှင့် လျှို့ဝှက်သင်္ကေတများကို နောက်ယောင်ခံ သိရှိသွားသောကြောင့် ဖြစ်ကြောင်း တယ်လီဂရပ်ဖ်သတင်းစာက နိုဝင်ဘာ ၂၂ရက်တွင် ရေးသားဖော်ပြသည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ အခြေစိုက်စစ်သွေးကြွအုပ်စုဖြစ်သော ဟစ်ဇ်ဘိုလာအဖွဲ့အတွင်း သူလျှိုဂိုဏ်းတစ်ဂိုဏ်းရှိနေပြီး အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို စောင့်ကြည့်နေသော သူလျှိုဂိုဏ်းတစ်ဂိုဏ်းလည်း ရှိနေကြောင်း၊ ယခုကဲ့သို့ စီအိုင်အေသတင်းပေးများကို ဖော်ထုတ်နိုင်မည်ဆိုပါက အနာဂတ်ကာလတွင် အမေရိကန်ထောက်လှမ်းရေး အဖွဲ့အစည်းအနေဖြင့် ဒေသခံသတင်းပေးများကို စုဆောင်းရန် ခက်ခဲသွားမည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။



ဟစ်ဇ်ဘိုလာပြောက်ကျားတစ်ဦး

အီရန်နှင့်လက်ဘနွန်နိုင်ငံတို့ရှိစီအိုင်အေသတင်းပေးများက အသုံးပြုနေသော မိုဘိုင်းဖုန်းများနှင့် ၎င်းတို့၏ အမည်ဝှက်စကားလုံး 'ပီဇာမုန့်' တို့ကို နောက်ယောင်ခံဖော်ထုတ်နိုင်ရန် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အီရန်နိုင်ငံတို့ရှိ တန်ပြန်ထောက်လှမ်းရေးအဖွဲ့များက ကြိုးပမ်းခဲ့ကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။

**အင်တာနက်။**

# အိုဘားမား၏ တပ်ဖွဲ့ရုပ်သိမ်းရေးအစီအစဉ် အမေရိကန်စစ်ဘက်အကြီးအကဲများ ကန့်ကွက်ဖွယ်

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

၂၀၁၂ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့များ ထပ်မံရုပ်သိမ်းမည့် သမ္မတ ဘာရက်အိုဘားမား၏ အစီအစဉ်ကို အမေရိကန်စစ်ဘက် အကြီးအကဲများက ကန့်ကွက်ကြဖွယ်ရှိကြောင်း၊ ယင်းအစီအစဉ်သည် သမ္မတအိုဘားမားအတွက် ရွေးကောက်ပွဲနှင့် နိုင်ငံရေးအရ အကျိုးအမြတ်ရရှိရန် ရည်ရွယ်သော လုပ်ရပ်သာဖြစ်သည်ဟု စစ်ဘက်အကြီးအကဲများက ရှုမြင်ကြကြောင်း တယ်လီဂရပ်ဖ်သတင်းစာက နိုဝင်ဘာ ၂၃ရက်တွင် ရေးသားဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ကျန်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင် ၆၈၀၀၀ ကို ထပ်မံအင်အားလျှော့ချရန် သမ္မတ အိုဘားမားက ကြိုးပမ်းဖွယ်ရှိကြောင်း သတင်းစာတွင် ဖော်ပြသည်။

သမ္မတ အိုဘားမားသည် နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် အာဖဂန်နစ္စတန်နိုင်ငံရှိ တပ်ဖွဲ့အင်အားကို လျှော့ချလိုသည်ဟု အမည်မဖော်သော တာဝန်ရှိသူများကို ကိုးကားလျက် သတင်းစာက ရေးသားသည်။

ရွေးကောက်ပွဲ၌ ပြန်လည်ရွေးကောက်ခံရလာစေရန်နှင့် စစ်အသုံးစရိတ် ဒေါ်လာ ဘီလီယံပေါင်းများစွာကို လျှော့ချနိုင်စေရန် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ကို လျင်မြန်စွာ ပြန်လည်ရုပ်သိမ်းနိုင်ရန် အိုဘားမားက မျှော်မှန်းကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အင်တာနက်။**



# ဗီယက်နမ်-ကန်ဆိုင်းစီးပွားရေးဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲ ဒါနန်းမြို့၌ဖွင့်လှစ်

**ဟန်ွိုင်း နိုဝင်ဘာ ၂၃**

ပဉ္စမအကြိမ်မြောက် ဗီယက်နမ်-ကန်ဆိုင်းစီးပွားရေးဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်းမြို့၌ နိုဝင်ဘာ ၂၂ ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်စီမံကိန်းရေးဆွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဂျပန် ကန်ကီယန်စီးပွားရေးအဖွဲ့ချုပ်နှင့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့တို့က ကြီးမှူးလျက် အဆိုပါဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ ဗီယက်နမ်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ယာဘူယာကီတာနီဇာကီ၊ ကန်ဆိုင်းလျှပ်စစ်စီမံကိန်းအုပ်စုနှင့် ကန်ကီယန်ဒေသဥက္ကဋ္ဌ ရှိဘူကီးမိုရိ၊ ကန်ဆိုင်းမြို့ရှိ တက္ကသိုလ်များနှင့် သုတေသနသိပ္ပံများမှ ကိုယ်စားလှယ် ၈၀ကျော်၊ ဗီယက်နမ်နိုင်ငံ၌လုပ်ကိုင်လျက်ရှိသော ကန်ဆိုင်းမြို့မှ ရင်းနှီးမြှုပ်နှံသူ ၇၀ကျော်နှင့် ဗီယက်နမ်ကုမ္ပဏီများမှ ကိုယ်စားလှယ် ၁၅၀ကျော်တို့ တက်ရောက်ကြသည်။

ဗီယက်နမ်နှင့် ကန်ဆိုင်းမြို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဖိုရမ်ဆွေးနွေးပွဲကိုကျင်းပသည်။ ယခုနှစ်ဆွေးနွေးပွဲ၏ဦးတည်ချက်မှာ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသနှင့် ကန်ဆိုင်းဒေသတို့အကြား စီးပွားရေးဆက်သွယ်မှု မြှင့်တင်နိုင်ရန် ဖြစ်သည်။

ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အရေးပါဆုံး စီးပွားရေးမိတ်ဖက်များတွင် ပါဝင်သည်။ (အင်တာနက်)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ဆုတံဆိပ်ရ ကမ္ဘောဒီးယားအားကစားသမားများအား ဝန်ကြီးချုပ်ဟွန်ဆန် ဂုဏ်ပြု

**ဖနွမ်းပင် နိုဝင်ဘာ ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပါလမ်ဘန်မြို့များတွင် နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ စွမ်းဆောင်ရည်ကောင်းစွာဖြင့် ဆုတံဆိပ်များ ဆွတ်ခူးခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမားများအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်က ဂုဏ်ပြုခဲ့သည်။

**ဆုတံဆိပ် ၅၀ ကျော်**

မိမိတို့နိုင်ငံမှ အားကစားသမားများအနေဖြင့် ရွှေတံဆိပ် ရှစ်ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၅၀ ကျော်ကို ယခုကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဆွတ်ခူးနိုင်ခဲ့ပြီး ယင်းပြိုင်ပွဲမတိုင်မီက လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် သုံးခုအပါအဝင် ဆုတံဆိပ် ၄၀ သာ ဆွတ်ခူးနိုင်ခဲ့သည်ဟု နိုဝင်ဘာ ၂၃ ရက်တွင် ဖနွမ်းပင်မြို့ ငြိမ်းချမ်းရေးနန်းတော်၌ ကျင်းပပြီးစီးခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍဆိုင်ရာ အစည်းအဝေး၌ ပြောကြားခဲ့သည့် ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရသည် ကျင်းပပြီးစီးခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ဆွတ်ခူးခဲ့သည့် အားကစားသမားများအား ရွှေ၊ ငွေ၊ ကြေး ဆုတစ်ခုချင်းစီအလိုက် အမေရိကန်ဒေါ်လာ ၆၀၀၀၊ ၄၀၀၀ နှင့် ၂၀၀၀ ခန့်စီ ချီးမြှင့်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်ကလည်း ၎င်းအနေဖြင့် ရွှေ၊ ငွေ၊ ကြေးဆု ရရှိသူများအား ဆုတစ်ခုချင်းစီအလိုက် အမေရိကန်ဒေါ်လာ ၃၀၀၀၊ ၂၀၀၀ နှင့် ၁၀၀၀ အသီးသီးထပ်မံ ချီးမြှင့်မည်ဟု ပြောကြားသည်။ **ဆင်ဟွာ။**



တောင်ကိုရီးယားနိုင်ငံမှ နျူကလီးယားဓာတ်ပေါင်းဖို တစ်ဖိုအား တွေ့ရစဉ်။

# နျူဓာတ်ပေါင်းဖိုဈေးကွက်၌ တတိယအင်အားကြီးနိုင်ငံဖြစ်ရေး တောင်ကိုရီးယားမျှော်မှန်း

**ဆိုးလ် နိုဝင်ဘာ ၂၃**

တောင်ကိုရီးယားနိုင်ငံသည် ၂၀၃၀ပြည့်နှစ်ထက်နောက်မကျဘဲ ကမ္ဘာပေါ်တွင် နျူကလီးယားစွမ်းအင်နည်းပညာ ထုတ်ကုန်ပစ္စည်း တတိယအများဆုံးရောင်းချသည့်နိုင်ငံဖြစ်လာရန် အစီအစဉ်တစ်ရပ်ကို အရရှိသူများအား ပြီးသတ်ရေးဆွဲလျက်ရှိကြောင်း ယင်းနိုင်ငံရှိ နည်းပညာအခြေခံစီးပွားရေးလုပ်ငန်းများဝန်ကြီးဌာနက နိုဝင်ဘာ ၂၃ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် ၂၀၃၀ပြည့်နှစ်နောက်ဆုံးထား၍ ကမ္ဘာ့နျူကလီးယားဓာတ်ပေါင်းဖို ရောင်းဝယ်ရေးဈေးကွက်၌ ၂၀ ရာခိုင်နှုန်းအထိ ဈေးကွက်ဝေစုရရှိလာရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

"နျူ-နည်းပညာ ၂၀၃၀" ဟု အမည်ပေးထားသော စီမံကိန်းအရ တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် နျူကလီးယားစွမ်းအင် ထုတ်ကုန်ပစ္စည်းများ တတိယအများဆုံး ရောင်းချသောနိုင်ငံဖြစ်လာရန် ရည်မှန်းထားကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် အဆိုပါစီမံကိန်းကို ယခုနှစ်ကုန်တွင် အပြီးသတ်ရေးဆွဲပြီးဖြစ်ရန် ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းအရ တောင်ကိုရီးယားနိုင်ငံသည် စွမ်းဆောင်ရည်အမြင့်ဆုံးနှင့် ဘေးအန္တရာယ်လုံခြုံမှု နျူကလီးယားဓာတ်ပေါင်းဖိုများကို ပြည်တွင်း၌ထုတ်လုပ်သွားရန် နည်းပညာသုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်မည် ဖြစ်သည်။

**ဆင်ဟွာ။**

# နိုင်ငံတကာ အာကာသစခန်းယာဉ်မှ အာကာသယာဉ်မှူးများ ပြန်လည်ဆင်းသက်

**မော်စကို နိုဝင်ဘာ ၂၃**

**နိုင်ငံတကာအာကာသစခန်းယာဉ်မှ အာကာသယာဉ်မှူးသုံးဦးကို သယ်ဆောင်လာသော ဆိုယုဇ်အာကာသယာဉ်သည် နိုဝင်ဘာ ၂၂ ရက် နံနက်တွင် ကာဇက်စတန်နိုင်ငံသို့ ပြန်လည်ဆင်းသက်လာခဲ့ကြောင်း ရုရှားနိုင်ငံရှိ အာကာသမစ်ရှင်ထိန်းချုပ်ရေးဌာနက ပြောကြားသည်။**

ရုရှားအာကာသယာဉ်မှူး ဆာဂေးဗော်လ်ကော့၊ အမေရိကန် အာကာသအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး မိုက်ကယ်ဖိုဆမ်နှင့် ဂျပန်အာကာသယာဉ်မှူး ဆာတိုရှိဖူရူကာဝါ တို့လိုက်ပါလာသော အာကာသယာဉ်သည် ဆင်းသက်ရန် သတ်မှတ်ထားသောနေရာမှ မဝေးကွာသောနေရာသို့ မော်စကို ဒေသစံတော်ချိန် နံနက် ၆ နာရီ ၂၆မိနစ်တွင် ဆင်းသက်ခဲ့သည်။

**ပုံမှန်အတိုင်းရှိ**

မြေပြင်ပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့သော အာကာသယာဉ်မှူးများ၏ ကျန်းမာရေးအခြေအနေမှာ ပုံမှန်အတိုင်းရှိနေပြီး ၎င်းတို့မှာ စိတ်ဓာတ်ခွန်အားလည်းပြည့်ဝလျက်ရှိကြောင်း အထူးကယ်ဆယ်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အာကာသယာဉ်မှူးများအား ရွှေ့ပြောင်းနိုင်သောဆေးရုံတစ်ရုံ၌ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးခဲ့သည်။

ဆိုယုဇ်တီအမ်အေ-၀၂ အမ်ဒိုးပုံယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်ကို နိုဝင်ဘာ ၂၂ရက်တွင် စွန့်ခွာခဲ့သည်။ အဆိုပါ အာကာသယာဉ်မှူး သုံးဦးသည် ဇူလိုင်လမှစ၍ အာကာသစခန်းယာဉ်ပေါ်တွင် အလုပ်လုပ်ခဲ့ကြသည်။

**ရွှေ့ဆိုင်းခဲ့ရ**

ကနဦးအနေဖြင့် အာကာသယာဉ်မှူးများသည် နိုဝင်ဘာ ၁၆ ရက်တွင် ကမ္ဘာမြေပြင်သို့ ပြန်လည်ထွက်ခွာရန် စီစဉ်ခဲ့သည်။ သို့ရာတွင် ပရိုဂရက်စ် အာကာသကုန်တင်ယာဉ်တစ်စင်းအား လွှတ်တင်မှုကို ဆိုင်းငံ့ခဲ့ရသဖြင့် အာကာသယာဉ်မှူးများ ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ပြင်သစ်သံအမတ်ကြီးနှင့် လူ့အခွင့်အရေးဆိုင်ရာ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU နှင့် ပြင်သစ်နိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ သံအမတ်ကြီး H. E. Mr. Francois ZIMERAY တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် လူ့အခွင့်အရေး စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ပြီး လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# သောက်တော်ရေခွက်တွင် ဗုဒ္ဓမြတ်စွယ်တော်ပုံရိပ် ထူးဆန်းစွာပေါ်ထွန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အပိုင်း(၁၀) မဥ္ဇူသကလမ်း အိမ်အမှတ် (၁၁)နေ ဦးထွန်းလှ၏ နေအိမ်ဘုရားစင် သောက်တော်ရေခွက်တွင် နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီခန့်မှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော်ပုံရိပ်ပေါ်နေသဖြင့် ယင်းစွယ်တော်ပုံရိပ်အား လာရောက်ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် ဗုဒ္ဓမြတ်စွယ်တော်သတင်းအား ကြည့်ရှုရန် တီဗွီဖွင့်စဉ် လျှပ်စစ်မီးခေတ္တပြတ်တောက်သဖြင့် ဦးထွန်းလှ၏ ဇနီးဖြစ်သူ ဒေါ်ပိုမက ဘုရားစင်၌ ဖယောင်းတိုင်နှင့် အမွှေးတိုင်ပူဇော်ရာမှ ဘုရားစင်ရှိ သောက်တော်ရေခွက်တွင် ဗုဒ္ဓမြတ်စွယ်တော်၏ ပုံရိပ်ထူးခြားစွာပေါ်ထွန်းနေသည်ကို ဖူးတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဗုဒ္ဓမြတ်စွယ်တော်ပုံရိပ်ပေါ်ထွန်းရာသို့ ဒေသအာဏာပိုင်များ၊ ရုပ်မြင်သံကြားသတင်းထောက်များ၊ ဂျာနယ်သတင်းထောက်များ ရောက်ရှိလာပြီး တာဝန်ရှိသူအချို့က သောက်တော်ရေခွက်ကို သွန်မှောက်စစ်ဆေးကြည့်ရှုသော်လည်း မည်သည့်အရာဝတ္ထုမျှမတွေ့ရှိရဘဲ ရေပြန်ကပ်သည့်အခါ ပြန်၍ပုံရိပ်ပေါ်မြဲဖြစ်ကြောင်းနှင့် ယနေ့ညနေပိုင်းအထိ ဗုဒ္ဓမြတ်စွယ်တော်ပုံရိပ်ပေါ်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(ခရိုင်/ပြန်ဆက်)

# သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်း ညှိနှိုင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း တာဝန်ခံအထူးအရာရှိ ဦးကြီးမြင့်က သဘာဝပိုက်လိုင်း ဆက်သွယ်ခြင်း လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြပြီး သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းဖြတ်သန်းမည့် ကျောက်မဲခရိုင်နှင့် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးများ၊ နောင်ချိုကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ မန်တုံနှင့် နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းဆာလူနှင့် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တွဲဖက်ပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ် ကဏ္ဍအလိုက်အဖွဲ့များမှ အတွင်းရေးမှူးများ၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်နှင့် ကွမ်းလုံခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများက လည်းကောင်း၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က လည်းကောင်း နယ်ပယ်(၈)ရပ်လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်အသီးသီးအတွက် ပထမနှစ်သင်တန်းများကို ဒီဇင်ဘာ ၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားကြောင်း သိရသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ဗလငါးတန်**
**ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ**
**လေ့လာစို့**

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယက ဒေါ်ခင်အေးနွယ်ထံမှ ရာသက်ပန်အသင်းဝင် ၁၀၇၈ ဦး၏ အဆိုပြုလွှာများကို လက်ခံသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲသို့ အလှူရှင်များက အလှူငွေကျပ် ၁၂၀၈၆၀၀၀ ကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးထံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယက ဒေါ်ခင်အေးနွယ်က အသင်းဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။**
(သတင်းစဉ်)

# လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ် ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နဝမအကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန် သင်တန်းကျောင်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ်(၃၃/၃၄) စာမေးပွဲနှင့် ၂၀၁၁ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများကို အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်ပြီး အထက်ပါစာမေးပွဲအသီးသီးနှင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလနှင့် စက်တင်ဘာလများ၌ကျင်းပခဲ့သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ပထမပိုင်း) အမှတ်စဉ် (၃၅/၃၆) စာမေးပွဲများ၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီတွင် ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း) စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်ဆုရရှိသူများကိုလည်း ငွေသားဆုများချီးမြှင့်မည်ဖြစ်ရာ အောင်လက်မှတ်နှင့် ဆုရယူမည့် သင်တန်းသားများအားလုံးကို အခမ်းအနားသို့တက်ရောက်ရန် နှိုးဆော်ထားပြီး အခမ်းအနားတက်ရောက်မည့်သူများသည် အခမ်းအနားကြေး ငွေကျပ် ၄၀၀၀နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံတစ်ပုံကို အထက်ပါလိပ်စာသို့ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ရွှေလှိုင်လမ်းနေ ဦးညဏ်-ဒေါ်ကျင်လှ မိသားစုက ဥက္ကံမြို့ ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာသို့ ထာဝရပဒေသာပင် ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဟုန်စိန် လက်ခံစဉ်။**
(ဘိုးဘွားရိပ်သာ)

# စီးပွားရေးတက္ကသိုလ် (၁၉၆၈-၇၂) မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

စီးပွားရေးတက္ကသိုလ် (စီးပွား၊ စာရင်းအင်း၊ ဝါဏိဇ္ဇ) ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် စီးပွားရေးတက္ကသိုလ် (ရန်ကုန်) နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်ပြီး တတိယအကြိမ် မိတ်ဆုံစားပွဲကို ယင်းနေ့မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ စိမ်းလန်းစိုပြည် (အင်းလျားလမ်းနှင့် ပြည်လမ်းထောင့် ဘွဲ့နှင်းသဘင်ကျောဘက်နှင့် အင်းလျားကန်စောင်း)တွင် ဆက်လက်ကျင်းပမည်ဖြစ်၍ မပျက်မကွက် တက်ရောက်ချီးမြှင့်ကြပါရန်နှင့် ဆရာကန်တော့ပွဲအတွက် လှူဒါန်းလိုပါက ဦးကျော်မင်းထွန်း ဖုန်း-၀၉-၉၉၂၁၉၇၆၊ ဦးသိန်းလွင် ဖုန်း-၀၉-၅၁၁၄၅၈၅၊ ဒေါ်ကေသီမြင့် ဖုန်း-၅၃၇၉၉၇၊ ဒေါ်ဝင်းမြင့် ဖုန်း-၀၉-၅၀၅၁၃၅၈၊ ဒေါ်ခင်မကြီး ဖုန်း-၅၁၈၀၅၆ နှင့် ဒေါ်ခင်စန်းဌေး ဖုန်း-၃၉၂၇၀၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

# ဒေသနှင့်ကိုက်ညီမည့် ဆားငန်ခံစပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် လက်တွေ့ပြသ

**ကျိုက်ထို နိုဝင်ဘာ ၂၃**

ကျိုက်ထိုမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဗဟိုစိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဒေသနှင့်ကိုက်ညီမည့် ဆားငန်ခံစပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ လက်တွေ့ပြသမှုကို အောက်တိုဘာ ၁၅ ရက်က ကော့ထင်းကျေးရွာအုပ်စု တောင်သူဦးချစ်ခင်၏ ကွင်းအမှတ် (၁၂၆) ဦးပိုင် (၁၂၆-က) စိုက်ဧက ၁ ဒသမ ၀၀ ဧက၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှိုင်ဝဏ္ဏနှင့် ကျေးရွာအုပ်စု ၄ုပ်စုမှ တောင်သူ ၁၀၀ တို့ တက်ရောက်လေ့လာကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မန်နေဂျာတို့က ဆားငန်ခံစပါးမျိုးများ ဒေသနှင့်ကိုက်ညီမှု ရှိ၊ မရှိနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်ဖြင့် ကိုက်ညီအောင် စိုက်ပျိုးထားရှိမှုအခြေအနေများကို လက်တွေ့ရှင်းလင်းပြသကြကာ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံက မျက်စိဝေဒနာရှင်များအား

# သတ္တမအကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသ

**ရန်ကုန်　နိုဝင်ဘာ　၂၃**

၁၉၉၇-၉၈ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးအဖွဲ့၏ လေ့လာချက်အရ မြန်မာနိုင်ငံ၌ မျက်မမြင်ဦးရေ သုံးသိန်းကျော်ရှိပြီး လူတစ်သန်း၌ ၆၀၀ ၊ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၆ ရာခိုင်နှုန်း မျက်စိကွယ်နေကြောင်း သိရသည်။

ယင်းသို့ စက္ခုအာရုံချို့တဲ့နေသူများအား ကျန်းမာရေးဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုသိုလ်ဖြစ်ဆေးရုံ၊ဆေးခန်းများက ကုသပေးလျက်ရှိရာ သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ရန်ကင်းမြို့နယ် ပြည်သာယာဘောက်ထော်ရှိ သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ လစဉ် မျက်စိဝေဒနာရှင် ၁၀၀ ခန့်အား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိသည်။ သတ္တမအကြိမ်မြောက်အဖြစ် နိုဝင်ဘာ ၁၉ ရက်က မျက်စိဝေဒနာရှင် ၅၀ နှင့် နိုဝင်ဘာ ၂၀ ရက်တွင် မျက်စိဝေဒနာရှင် ၅၀ စုစုပေါင်း ၁၀၀ အား မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့ ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးခဲ့ကြပြီး စုစုပေါင်း မျက်စိဝေဒနာရှင် ၇၂၀ တို့အား ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်သည်။ နိုဝင်ဘာ ၂၄ ရက်တွင်လည်း မျက်စိဝေဒနာရှင် ၁၁ ဦးအား ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံကို ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ၏ ဦးဆောင်စီမံမှု၊ ဆရာဝန်များ၏ လုပ်အားဒါန၊ အလှူရှင်တို့၏ သဒ္ဓါ၊ စေတနာတို့ဖြင့် ပေါင်းစုကာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလမှ စတင်ဖွင့်လှစ်ခဲ့ရာ ခုနစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ခုနစ်နှစ်တာကာလအတွင်း ဝေဒနာရှင် ၃၇၀၀၀ ကျော်အား အခမဲ့ဆေးကုသပေးခဲ့ပြီးဖြစ်သည်။

စမ်းသပ်ခ၊ ဆေးဖိုးမယူဘဲ ဝေဒနာရှင် ၂၀၀ ခန့်အားလည်း နေ့စဉ်ကုသပေးလျက်ရှိရာ ငွေကြေးချို့တဲ့သော ဝေဒနာရှင်များက ဝမ်းသာကျေးဇူးတင်လျက်ရှိကြသည်။ (ညွန့်သန်း)



**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင် သုံးဦးအား တစ်ပြိုင်တည်း ခွဲစိတ်ကုသပေးနေစဉ်။**



## အေးချမ်းအောင်မြင် ဝင့်ကြွေးတော်ပြေ အောင်စေတီတော် ၈၀ ရာခိုင်နှုန်းပြီးစီး၊ လှူဒါန်းလိုသူများ ပါဝင်လှူဒါန်းနိုင်

**ပျဉ်းမနား　နိုဝင်ဘာ　၂၃**

ပျဉ်းမနားမြို့နယ် ညောင်ပင်သာအုပ်စု အလယ်ရွာ/သဲကုန်းရွာဦး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဉာဏ်တော်အမြင့် ၁၈ တောင်ရှိ အေးချမ်းအောင်မြင် ဝင့်ကြွေးတော်ပြေ အောင်စေတီတော်အား ပါရမီရှင်အလှူရှင် အပေါင်းတို့၏ လှူဒါန်းငွေများဖြင့် တည်ထားခဲ့ရာ ယခု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းစေတီတော်၌ အရန်စေတီတော်လေးဆူ၊ မုခ်ဦးရုပ်ပွားတော် လေးဆူ၊ ရှေးဟောင်း တန်ခိုးကြီးရုပ်ပွားတော်ကိုးဆူ၊ ဂျပန်နိုင်ငံမှ တန်ခိုးကြီးရုပ်ပွားတော်အား နေပြည်တော်မှ ဒကာတော်ပင့်ဆောင်လှူဒါန်းသည့် ရုပ်ပွားတော်တစ်ဆူ၊ ရဟန္တာအရှင်သူမြတ်အပေါင်းတို့၏ ဓာတ်တော်၊ မွေတော် အဆူ ၂၀ ကျော်တို့ ကိန်းဝပ်စံပျော် အကြည်ညို အဖူးမြော်ခံ တည်ထားခြင်းဖြစ်ပြီး ကျန်ရှိသော လုပ်ငန်းများနှင့် ဥပနာရန် စေတီတော်၏ အဓိက ဥပနာဖြစ်သော သတ္တဌာနပုံတော် ကြေးဆင်းတု ခုနစ်ဆူ၊ ဥပနာပိတ်ပွဲနှင့် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ရန်၊ ယင်းနောက် ကြွရောက်ချီးမြှင့်ရန်လာကြသော ဂုဏ်သရေရှိ ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံရန်နှင့် ထီးတော်တင်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲတို့အတွက် ပါရမီဖြည့်ဆည်း လှူဒါန်းလိုသူများသည် ဦးဝေပုလ္လကျောင်းထိုင်ဆရာတော်ထံသို့လည်းကောင်း၊ ဦးဇော်လွင် အလယ်ရွာ ဖုန်း-၀၉-၄၉၂၈၉၆၅၃ နှင့် ဦးမာ (သဲကျွန်း) ဖုန်း-၀၉-၄၉၂၀၄၈၄ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၀၇)

## စင်ရော်ခေါင်းညိုနှင့် ခေါင်းမည်း နေ့စဉ်အကောင်တစ်ရာခန့် ဝင်ရောက်ဆောင်းခို

**ညောင်ရွှေ　နိုဝင်ဘာ　၂၃**

မြန်မာနိုင်ငံ၏ အရှေ့တောင်အာရှတွင် အကြီးဆုံးကုန်းတွင်း ရေနေဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အာဆီယံ အမွေအနှစ်ဥယျာဉ် (ASEAN HERITAGE PARK)တစ်ခုဖြစ်သည့် အင်းလေးကန်ဘေးမဲ့တောအတွင်းရှိ ရေပျော်ငှက်များစံပျော်ရာ အင်းလေးကန်အတွင်းသို့ ယခုနိုဝင်ဘာလဆန်းမှစ၍ ဆောင်းခိုငှက်များဖြစ်သည့် စင်ရော်ခေါင်းညိုနှင့် ခေါင်းမည်းများ အကောင် ၁၅၀ ခန့် စတင်ဝင်ရောက်ခဲ့သည်။

ဆောင်းခိုငှက်များဖြစ်သည့် စင်ရော်ခေါင်းညိုနှင့် ခေါင်းမည်းများသည် ကမ္ဘာ့မြောက်ခြမ်းရှိ တရုတ်၊ ရုရှားနှင့် ဆိုက်ဘေးရီးယားဒေသများမှ မိုင် ၁၅၀၀ ကျော် ဝေးကွာသည့် မြန်မာနိုင်ငံ အင်းလေးဒေသသို့ ဆောင်းခိုရန် အစုလိုက်အပြုံလိုက် ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။ ကမ္ဘာ့မြောက်ခြမ်းတွင် ယခုအချိန်၌ ရေခဲများဖြစ်နေခြင်း၊ အအေးလွန်ကဲခြင်း၊ အစာရေစာ ရှားပါးခြင်းများကြောင့် မြန်မာနိုင်ငံအတွင်းရှိ အစားအစာပေါများ၍ ဘေးအန္တရာယ်ကင်းသည့် အင်းလေးကန်သို့ အစုလိုက် အပြုံလိုက် ပျံသန်းလာကြခြင်း ဖြစ်သည်။

အဆိုပါ ဆောင်းခိုစင်ရော် ငှက်နှစ်မျိုးသည် အင်းလေးကန်အတွင်းသို့ နိုဝင်ဘာလဆန်းမှစ၍ ဒီဇင်ဘာ၊ ဇန်နဝါရီလအထိ သုံးလအတွင်း အကောင်ရေ ၂၀၀၀၀ ခန့် လာရောက် ဆောင်းခိုနေကြခြင်းဖြစ်သည်ဆို၏။ ဖေဖော်ဝါရီလဆန်းမှစ၍ ၎င်းစင်ရော် နှစ်မျိုးသည် ကမ္ဘာ့မြောက်ဘက်စွန်း မိမိဒေသများသို့ ပြန်လည်ထွက်ခွာသွားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ညောင်ရွှေမြို့မှ ဦးစီးအရာရှိ ဦးစိန်ထွန်းက ပြောကြားသည်။

ယခု နိုဝင်ဘာလမှစ၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ဆောင်းခိုစင်ရော်ခေါင်းညိုနှင့် ခေါင်းမည်းအကောင် ၂၀၀၀၀ ခန့်လာရောက်မည်ဟု ခန့်မှန်းကြောင်း ပြောပြသည်။ ယခုလည်း နေ့စဉ်အကောင် ၁၀၀ ခန့် ဝင်ရောက်နေပြီ**(အောက်ပုံ)**ဖြစ်သည်။ ကမ္ဘာ့မြောက်ဖျားမှ အင်းလေးကန်အတွင်း ဝင်ရောက်ဆောင်းခိုနေသည့် ယခုလက်ရှိ စင်ရော်ခေါင်းညိုနှင့် ခေါင်းမည်းများကို ကမ္ဘာလှည့်ခရီးသည်များက စိတ်ဝင်တစား စက်လှေပေါ်မှ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ (တင်လှိုင်-မိတ္ထီလာ)



## သဘာဝ ရေပူစမ်း စည်ကားလျက်ရှိ

**လားရှိုး　နိုဝင်ဘာ　၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သိန်းနီသွားကားလမ်း၏ ယာဘက်တွင် သဘာဝရေပူထွက်သည့် ရေပူစမ်းအပန်းဖြေစခန်းရှိရာ ဆောင်းတွင်းကာလတွင် အအေးဒဏ်ခံနိုင်ရန် ရပ်နီးရပ်ဝေးမှ လာရောက်ရေစိမ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ ရေပူစမ်းအပန်းဖြေစခန်း အထက်ပိုင်းရှိ ရေပူစမ်းကို ရေချိုးခွင့်မပြုဘဲ အောက်ပိုင်းရှိ ရေပူ ရေအေးစပ်ထားသည့် အများသုံးကန်၌ အခမဲ့ရေပူစိမ်နိုင်သည်။ ကုန်းမြင့်ပေါ်တွင် ရေစိမ်ခန်းများရှိရာ ရိုးရိုးခန်း ကျပ် ၅၀၀၊ အထူးခန်း ကျပ် ၁၀၀၀ ကောက်ခံသည်။ အဆိုပါ အခန်းများအား အမျိုးသား၊ အမျိုးသမီး သီးသန့်ခန်းများအဖြစ် စီစဉ်ထားကာ ရေစိမ်ခန်းတွင် တစ်ကြိမ်လျှင် မိနစ်သုံးဆယ်သာ ခွင့်ပြုပြီး တစ်ခန်းလျှင် လူတစ်ဦးနှုန်း ရေစိမ်ခွင့်ပြုသည်။ ရေသည် အထက်မှအောက်သို့ စီးလာခြင်းမဟုတ်ဘဲ အောက်မှစိမ့်ထွက်ကာ အဆက်မပြတ် စိမ့်ထွက်နေသည့် ရေပူဖြစ်သည်။ ဆောင်းတွင်းကာလတွင် လူများစည်ကားလျက်ရှိနေပြီး မိုးကာလနှင့် နွေကာလတွင် လူအလာနည်းသည်ဟု သိရသည်။ **(အောက်ပုံ)** (၀၀၂)



## အင်းလေးကန်ကာကွယ်ထိန်းသိမ်းရေး စိုက်ပျိုးရေးစနစ်များ ပြောင်းလဲစိုက်ပျိုး

**ညောင်ရွှေ　နိုဝင်ဘာ　၂၃**

အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ အင်းလေးကန်သဘာဝပတ်ဝန်းကျင်ဂေဟစနစ် အရှည်တည်တံ့ရေး၊ ရေဝေရေလဲဒေသများကာကွယ်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များ ပြုစုစိုက်ပျိုးရေး၊ ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေးစနစ်များ ပြုပြင်ပြောင်းလဲပေးနေသည်။

အင်းလေးကန်ပတ်ဝန်းကျင်နှင့် ရေဝေရေလဲဒေသတွင် ရွှေ့ပြောင်းတောင်ယာစနစ်အစား အမြဲတမ်းသီးနှံစိုက်ပျိုးရေးစနစ်အား ကျင့်သုံးခြင်း၊ နှစ်ရှည်ပင်စိုက်ပျိုး၍ သစ်တောပြုန်းတီးမှုကို ကာကွယ်ပြီး ရေရှည်စားသုံးသီးပင်များ စိုက်ပျိုးခြင်း၊ တောင်စောင်းများတွင် မြေဆီလွှာတိုက်စားမှုကို ကာကွယ်သော ထွန်ယက်စိုက်ပျိုးနည်းစနစ်များ ဆောင်ရွက်နေခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးစနစ်များကို တောင်သူများသို့ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်နေသည်။

ညောင်ရွှေမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဓာတုပိုးသတ်ဆေးသုံးစွဲမှုလျှော့ချ၍ တီဆေးရည်၊ မီးသွေးပေါင်းခံရည်နှင့် တမာပိုးသတ်ဆေး TRIGODERMA ဇီဝစူပါများသုံးစွဲစေခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ပြီး သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာပေါင်းစပ်သုံးစွဲရန်၊ အကျိုးပြုအဏုဇီဝဖျော်ရည်များသုံးစွဲရန်နှင့် တမာကြိတ်ဖတ်အားဖြည့် သဘာဝမြေဩဇာများ ပိုမိုသုံးစွဲရန်နှင့် ခရမ်းပင်စိုက်ခြင်းဖြင့် ရောဂါပိုးမွှားကျရောက်မှုများသဖြင့် ပင်ကြားအကွာအဝေး ၁၂ လက်မထက် မစိပ်ရန် ပညာပေးစိုက်ပျိုးခြင်းများ ပြုလုပ်ပေးနေသည်။

ညောင်ရွှေမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အင်းလေးကန်ရေရှည်တည်တံ့ရန်အတွက် ကျွန်းမျောခရမ်းချဉ်တွင် ဓာတုပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာအစား တီဆေးရည်သုံးစွဲရန်အတွက် ကျေးရွာပေါင်း ၅၆ ရွာတွင် တီမွေးပုံး ၄၆၇ ပုံး၊ တီမွေးအုတ်ကန် ၁၆ ကန်နှင့် တီမွေးကွန်ကရစ် ၁၈ ကန်ကို တည်ဆောက်ပေးထားသည်။

ညောင်ရွှေ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သဘာဝမြေဩဇာသုံး စံပြကွက်ကျွန်းမျောခရမ်းချဉ် အလံ ၂၄၀၀ စိုက်ကျေးရွာ ငါးဖယ်ချောင်း၊ ကေလာရွာနှင့် ပေပင်အင်းရွာတို့မှ တောင်သူ ၁၇ ဦးတို့အား တမာပိုးသတ်ဆေး လီတာ ၅၀၊ တမာကြိတ်ဖတ် အိတ် ၄၀၊ အားဖြည့်မြေဩဇာ အိတ် ၄၀ ၊ တီဆေးရည် လီတာ ၄၀၀၊ တီမြေဆွေး အိတ် ၁၀၊ ထရိုင်ကိုဒါးမား အထုပ် ၆၀၀ နှင့် အီးအမ် ၅ ဖျော်ရည် လီတာ ၄၀၀ စုစုပေါင်းတန်ကြေးငွေကျပ် ၁၄၀၀၀၀၀ ဖိုး အခမဲ့ပံ့ပိုးထောက်ပံ့ စိုက်ပျိုးပေးနေသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင်လည်း နှစ်ရှည်စားသုံးသီးပင် ၁၅၀၀၀၀ ပျိုးထောင် ဖြန့်ဖြူးသွားမည်ဖြစ်ပြီး ကျွန်းမျောခရမ်းချဉ် အလံ ၂၄၀၀ ကို သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများဖြင့် စံပြကွက်များ ဆက်လက်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ဤကဲ့သို့ စိုက်ပျိုးရေးစနစ်သစ်ဖြင့် အင်းလေးကန်ရေရှည်တည်တံ့ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၁၁)

### နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

## ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Secret ဂျပန်သို့ သွားရောက်ဖျော်ဖြေမည်

ကိုရီးယားလူပျိုဖြူလေးများဖြင့် ဖွဲ့စည်းထားသည့် Secret တေးဂီတအဖွဲ့သည် ၎င်းတို့၏ ပထမဆုံးအကြိမ် ဂျပန်နိုင်ငံဖျော်ဖြေရေးခရီးစဉ်ကို လာမည့်နှစ် မတ်လတွင် သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

Secret တေးဂီတအဖွဲ့၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ၎င်းတို့အဖွဲ့သည် ဂျပန်နိုင်ငံဖျော်ဖြေရေးခရီးစဉ်ကို မတ် ၅ ရက်တွင် အိုဆာကာမြို့၌ စတင်ဖျော်ဖြေမည်ဖြစ်ပြီး မတ် ၇ ရက်တွင် နာဂိုရာမြို့နှင့် မတ် ၈ ရက်တွင် တိုကျိုမြို့တို့၌ ဖျော်ဖြေသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

Secret တေးဂီတအဖွဲ့သည် မကြာသေးမီက ဂျပန်နိုင်ငံတွင်ပြုလုပ်ခဲ့သော ၎င်းတို့၏ Shy Boy တေးအယ်လ်ဘမ်အရောင်းမြှင့်တင်ရေး အထူးပွဲသို့လည်း တက်ရောက်ခဲ့သည်။

Shy Boy တေးအယ်လ်ဘမ်တွင် တေးသီချင်းခြောက်ပုဒ်ပါဝင်ပြီး အယ်လ်ဘမ်ခေါင်းစဉ် Shy Boy တေးသီချင်းကို ဂျပန်ဘာသာဖြင့်လည်းပြန်လည်သီဆိုထားပြီး ယင်းတေးအယ်လ်ဘမ်ကို နိုဝင်ဘာ ၁၆ ရက်က ထုတ်ဝေဖြန့်ချိခဲ့ကာ အရောင်းရဆုံးတေးအယ်လ်ဘမ်ဈေးကွက်တွင် နံပါတ် ၅ နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

Secret တေးဂီတအဖွဲ့ကို ကိုရီးယားလူပျိုဖြူလေးများဖြစ်သည့် ဟန်ဆန်းဟွာ၊ ဂျန်ဟိုဆောင်း၊ ဆောင်ဂျီအန်နှင့် ဇင်ဂါတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး ၎င်းတို့၏ ပထမဆုံးတေးအယ်လ်ဘမ် Madonna ဖြင့် ဂီတလောကသို့ ဝင်ရောက်လာကြသူများဖြစ်သည်။ ***အင်တာနက်။***

**ဒေ အော ဝ မ်း စိုး**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ YNJG General Manager နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunan Construction Engineering Group Co., Ltd.(YNJG) General Manager,Mr. Liu Young ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ တရုတ်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် စျေးကွက်ဝင်မည့် ဆန်စပါးများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရေး၊ တစ်နေ့လျှင် တန်ချိန် ၈၀၀၊ တစ်နှစ်လျှင် တန်ချိန် နှစ်သိန်း ထုတ်လုပ်နိုင်မည့် ခေတ်မီဆန်စက် တည်ဆောက် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunan Construction Engineering Group Co., Ltd. (YNJG) General Manager, Mr. Liu Young ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၁-၂၀၁၁ (ကြာသပတေးနေ့)**

**[၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက်၊ (အဖိတ်နေ့)]**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈း၂၀ ၈။ အကပဒေသာ
၈း၃၀ ၉။ အကပြိုင်ပွဲ
၈း၄၀ ၁၀။ **International News**
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀ ၄။ အတီးပြိုင်ပွဲ
၄း၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ "ငှက်တစ်သောင်း"
၅း၃၅ ၉။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၅း၄၅ ၁၀။ "စွယ်တော်မြတ်ဖူးပါရမီထူးဖြင့် နိဗ္ဗာန်ကမ်းဆီလှမ်းကြမည်"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "မျဉ်း"(အပိုင်း-၂)**
၆း၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၈)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ အစာလည်းဆေး၊ ဆေးလည်းအစာ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၂၀)**
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၀)**
၂၂။ အစီအစဉ်ပြီး၏။

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား MARUHAN Japan Bank ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဂျပန်နိုင်ငံ MARUHAN Japan Bank ဥက္ကဋ္ဌ Mr. Yu Han နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဂျပန်နိုင်ငံ MARUHAN Japan Bank ဥက္ကဋ္ဌ Mr. Yu Han နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# အသေးစားချေးငွေပေးအပ်ပွဲ ဒလမြို့နယ်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးပုဂ္ဂလိကအသေးစားချေးငွေလုပ်ငန်း ချေးငွေပေးအပ်ပွဲအခမ်းအနားကို ပျော်ဘွယ်ကြီးစံပြကျေးရွာ ဘုရားလေးဆူမဏ္ဍာရုံ၌ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ပျော်ဘွယ်ကြီးစံပြကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်တင့်အား အသေးစားချေးငွေ ကျပ်သိန်း ၃၀၀ ကျော်ကို ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပုဂ္ဂလိကအသေးစားချေးငွေလုပ်ငန်း ဥက္ကဋ္ဌ ဦးမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ကျေးလက်နေပြည်သူများ စုံညီစွာ တက်ရောက်ကြပြီး ဒလမြို့နယ်အတွက် ချေးငွေ သိန်း ၃၀၀၀ ချေးပေးခဲ့ကြောင်း သိရသည်။

(၅၆၉)



# မန္တလေး ချမ်းအေးသာစံမြို့နယ်၌ အမျိုးသားနေ့ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ခြင်္သေ့ဆောင်ခန်းမ၌ ကျင်းပရာ ဆဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်း သီဆိုကာဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၁)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အထက(၂) ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ အထက(၂) အဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းသီဆိုဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၀၀၂)

# ပုံမှန်သွေးလှူဒါန်းခြင်းဖြင့် အမူအကျင့်ကောင်း တည်ဆောက်သကဲ့သို့ဖြစ်စေ

**ရန်ကုန် နိုဝင်ဘာ ၂၃**

လူငယ်များအနေဖြင့် ပုံမှန်သွေးလှူဒါန်းခြင်းသည် အမူအကျင့်ကောင်းများဖြစ်စေရန် လေ့ကျင့်တည်ဆောက်ပြီးသကဲ့သို့ ဖြစ်စေကြောင်း ပြည်တွင်းသွေးလှူရှင်အသင်းတစ်ခုမှ ဆရာဝန်ကြီးတစ်ဦးက ပြောသည်။

သွေးလှူဒါန်းရာတွင် ရောဂါပိုးကင်းရှင်းပြီး သန့်ရှင်းစင်ကြယ်သောသွေးရရန်မှာ အလွန်ပင်အရေးကြီးလျက်ရှိပြီး သွေးလှူဒါန်းလိုသူများအနေဖြင့် သွေးမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများ မိမိတို့ထံ၌ မရှိစေရန်နှင့် ကျန်းမာရေး ကောင်းမွန်စေရန် မိမိကိုယ်ကို စောင့်ထိန်းကာ စနစ်တကျ ပြုမူနေထိုင်တတ်ကြသည်။

"သွေးလှူဒါန်းလိုက်လို့ ခံစားရတဲ့ပီတိက ပြောမပြနိုင်လောက်အောင်ပါပဲ။ တစ်ကြိမ်လှူဒါန်းလို့ ရှိရင်လည်း နောက်တစ်ကြိမ်မှာ လှူဒါန်းခွင့်ရနိုင်ဖို့ ကျန်းမာရေးကအစ အပြုအမူ အနေအထိုင်အားလုံးကို ဆင်ခြင်ဂရုပြုလာကြတယ်။ လူငယ်တွေအနေနဲ့လည်း သွေးလှူဒါန်းခွင့်ရဖို့ ဆင်ခြင်နေထိုင်ရာကနေ မဟုတ်တဲ့အပြုအမူ လုပ်ဆောင်ချက်တွေကိုလည်း မလုပ်ဖြစ်တော့ဘဲ အမူအကျင့်ကောင်းတွေကို လေ့ကျင့်တည်ဆောက်ပြီးသကဲ့သို့ ဖြစ်လာပါတယ်" ဟု ယင်းပုဂ္ဂိုလ်က ရှင်းပြသည်။

ထိုသို့ အမူအကျင့်ကောင်းများ တည်ဆောက်ပေးသကဲ့သို့ ဖြစ်ရာမှ သွေးအလှူရှင်တစ်ဦးဖြစ်လာရန်မှာ လူငယ်များအတွက် ဂုဏ်ယူဖွယ်ဖြစ်လာပြီး ပုံမှန်သွေးအလှူရှင်များ ဖြစ်လာစေရန် ကြိုးပမ်းနေထိုင်သွားတတ်ကြသလို ယခုနောက်ပိုင်း၌ ပြည်တွင်းရှိ သွေးလှူရှင်အသင်းများတွင် လူငယ်များ၏ ပါဝင်မှုမှာ ပိုများလာခဲ့ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

**ဦးသန်းမြင့်-ဒေါ်ထားရင်တို့အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးသိန်းထွန်း၊ အစ်မ ဒေါ်သိန်းရွှေ၊ မောင် ဦးအောင်ကြည်၊ ဦးမြင့်ဆွေ၊ ဦးသန်းလွင်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။**(ဇီဝိတဒါနသံဃာ့ဆေးရုံ)



# မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များထံ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

**အပိုဒ် ၂ (ည)**နှင့် စပ်လျဉ်း၍ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆို တင်သွင်းရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က အနှစ်သာရပြောင်းလဲမှုမရှိဘဲ ပိုမိုပြည့်စုံသည့်အတွက် လက်ခံနိုင်ပါကြောင်းဖြင့် တင်ပြသည်။

**အပိုဒ် ၂ (ဠ)** နှင့် စပ်လျဉ်း၍ မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်က ပြင်ဆင်ချက်အဆိုတင်သွင်းရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က အနှစ်သာရပြောင်းလဲမှုမရှိသည့်အတွက် လက်ခံနိုင်ပါကြောင်းဖြင့် တင်ပြသည်။

**အပိုဒ် ၂ (ည၊ ဠ)**တို့နှင့်စပ်လျဉ်းသည့် အဆိုများအား ကန့်ကွက်သူမရှိသည့်အတွက် ယင်းပြင်ဆင်ချက်အဆိုများအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**အပိုဒ် ၃**နှင့်စပ်လျဉ်း၍ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းနှင့် မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်တို့က ပြင်ဆင်ချက်အဆိုများတင်သွင်းကြရာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ ရုပ်သိမ်းလိုကြောင်းနှင့် မှတ်တမ်းတင်ပေးစေလိုပါကြောင်းဖြင့် တင်ပြရာ လွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်နှင့် အဆိုပြုချက်များအား မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

**အပိုဒ် ၆ (ဂ)**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘောတူထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ယင်းအပိုဒ်ခွဲနှင့်စပ်လျဉ်း၍ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ပြင်ဆင်ချက်အဆို တင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဦးတင်မောင်ဦး၏ဖြည့်စွက်တင်ပြချက်သည် ဆီလျော် မှန်ကန်မှုရှိပါကြောင်းဖြင့် တင်ပြသည်။

**အပိုဒ် ၆ (ဃ)**နှင့် စပ်လျဉ်း၍ ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒိဒွေ့က ပြင်ဆင်ချက်အဆို တင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖြည့်စွက်သင့်ပါကြောင်းဖြင့်တင်ပြသည်။

**အပိုဒ် ၆ (ဂ၊ ဃ)**တို့နှင့်စပ်လျဉ်းသည့် သင့်ပါကြောင်းနှင့် "ဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရန်အတွက် စီမံဆောင်ရွက်နိုင်သည်"ဟူသော စာသားကို ကန့်ကွက်ရန် မရှိပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုများနှင့်စပ်လျဉ်း၍ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်နှင့် မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းတို့က ဆက်လက်ဆွေးနွေးတင်ပြကြသည်။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယနေ့ ဆွေးနွေးဆောင်ရွက်သည့် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ နိုဝင်ဘာ ၂၄ ရက်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားပြီး အစည်းအဝေး(၅၁)ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဟသ်ာတ မဲဆန္ဒနယ်မှ ဦးငွေးဦး၊ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်နှင့် မဲ့စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းတို့က ဆွေးနွေးကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဒေါက်တာစိုင်းကျော်အုန်း၏ ပြင်ဆင်ချက်အဆိုသည် သင့်လျော်မှုရှိပါကြောင်းဖြင့်တင်ပြသည်။

ဒေါက်တာစိုင်းကျော်အုန်း၏အဆိုနှင့် စပ်လျဉ်း၍ ကန့်ကွက်သူမရှိသည့်အတွက် ပြင်ဆင်ချက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် **အပိုဒ် ၃ (ခ)**နှင့် စပ်လျဉ်း၍ မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်က ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လက်ခံနိုင်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက **အပိုဒ် ၅ (ဃ)**နှင့်စပ်လျဉ်း၍ ဖြည့်စွက်လိုကြောင်းနှင့် **အပိုဒ်၅ (င)**နှင့် စပ်လျဉ်း၍ ပယ်ဖျက်သင့်ပါကြောင်းဖြင့် အဆိုတင်သွင်းရာ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၊ မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေးဦးနှင့် ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းတို့ကဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မူလ ပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်းနှင့် ပြင်ဆင်ချက်အဆိုများအား ပြန်လည်ရုပ်သိမ်းပေးစေလိုကြောင်း တင်ပြသည်။

ဦးမင်းဆွေက ၎င်း၏အဆိုကို အဆိုများအား ကန့်ကွက်သူမရှိသည့်အတွက် ယင်းပြင်ဆင်ချက်အဆိုများ အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**အပိုဒ် ၁၀ (က) (၁)**နှင့် စပ်လျဉ်း၍ ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒိဒွေ့က ပြင်ဆင်ချက်အဆို တင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က "ဧက၏ ၇၅ရာခိုင်နှုန်း" ဟူသော စာသားအား ထပ်မံထည့်သွင်းရန် မလိုကြောင်းနှင့်"အမှန်တကယ်စိုက်ပျိုးမည့်ဧကအား"ဟူသော စာသားအား ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြပြီး မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်က ဆက်လက်ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံသူများသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**အပိုဒ် ၁၀ (က) (၃)**နှင့်စပ်လျဉ်း၍ မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်က ပြင်ဆင်ချက်အဆို တင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အပိုဒ်ခွဲငယ်အစဖြစ်သည့်"ရာသီသီးနှံဖြစ်ပါက"၏ရှေ့တွင် "စက်မှုကုန်ကြမ်း" ဟူသော စာသားအား ဖြည့်စွက်ပြီးပါက ဦးငွေးမြင့်၏ပြင်ဆင်ချက်အား ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**အပိုဒ် ၁၀ (က) (၄)**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးနှင့် ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒိဒွေ့တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းကြရာ မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်က ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ၁၀ ဧကကိုသာ သတ်မှတ်

## ကလေးသူငယ်များ ပျော်ပွဲ ရွှင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် UNICEF (မြန်မာ)တို့ ပူးပေါင်း၍ ကုလသမဂ္ဂကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(၂၂)နှစ်မြောက်နေ့နှင့် ကလေးသူငယ်များ ပျော်ပွဲရွှင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးနှင့် UNICEF ကလေးသူငယ်စောင့်ရှောက်ရေးဌာန အကြီးအကဲ Ms. Jeannette Wijnant တို့က အမှာစကားပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန သင်တန်းကျောင်းအသီးသီးမှ ကလေးသူငယ်များ၊ ကလေးသူငယ်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ ကလေးသူငယ်များ တက်ရောက်ကြပြီး အဆို၊ အကများဖြင့် ဖျော်ဖြေကာ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

**နေပြည်တော် နိုဝင်ဘာ ၂၃**

## ရဲနွယ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရဲနွယ်ချောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၃/၆) နှင့် (၁၃/၇)အကြား၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် အုတ်မြစ်ကို သံကူကွန်ကရစ်ဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီ ပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် အဆိုပါ ရဲနွယ်ချောင်း တံတားတည်ဆောက်ရေးစီမံကိန်း မင်းလှဘက်ကမ်း ရှင်းလင်းဆောင်မှ စက်ယန္တရားများဖြင့် သံပေါင်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကမ်းကပ်ခုံ $(A_1)$ နှင့် ရေလယ်တိုင် $(P_1)$ အကြား၌ ကွန်ကရစ်ကြမ်းခင်း သွန်းလောင်းနေမှု၊ ကျွန်းကုန်းဘက်ကမ်း၌ ရေလယ်တိုင် $(P_1)$၊ $(P_2)$နှင့် ကမ်းကပ်ခုံ $(A_2)$ တို့တွင် သံပေါင်ရက်မများ တင်ရန်အတွက် ကြိုတင်လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်း (ပန်းတင်လမ်းဆုံ)မှတစ်ဆင့် နေပြည်တော်-တောင်ညို လမ်းအပိုင်းကို အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းတစ်ဖြောင့်တည်းဖြစ်အောင် ဆောင်ရွက်ခြင်း၊ တောင်ကုန်း၊ မြေမြင့်များကို ဖြတ်ထုတ်ခြင်း၊ ချိုင့်များကို မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ညောင်ဦးမြို့နယ် အင်ကြင်းတော သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ပုပ္ပားဒေသတို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာအနီး ဇီးအိုသစ်လှ အင်ကြင်းတော သဘာဝထိန်းသိမ်းရေးနယ်မြေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သစ်တော ဧရိယာ ဧက ၄၀ ကျော်အတွင်း အင်ကြင်းပင်အရေအတွက် ၆၅၀ ကျော်နှင့် ပျဉ်းကတိုး၊ မန်ကျည်း၊ ညောင်နှင့် အခြားသစ်မာပင်များ ပေါက်ရောက်ရှင်သန်ကြီးထွားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသရှိ နတ်ကန်လည်ကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ပုပ္ပားဒေသတစ်ဝိုက်တွင် စီမံကိန်းအစားထိုး သီးနှံအဖြစ် စိုက်ပျိုးခဲ့သော နှစ်ရှည်သီးနှံများ အောင်မြင်ဖြစ်ထွန်းမှု၊ ဈေးကွက်တင်ပို့နိုင်မှု၊ ရေရရှိမှု၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ နတ်ကန်လည်ကျေးရွာတွင် ယခင်က ဒေသငှက်ပျောများသာ စိုက်ပျိုးခဲ့ရာမှ နိုင်ငံတော် အစီအစဉ်ဖြင့် စိန်တစ်လုံးသရက်၊ သီဟိုဠ်သရက်များ အစားထိုး စိုက်ပျိုးပေးခဲ့ခြင်းကြောင့် ယခုအခါ ထိုဒေသရှိ ပြည်သူများမှာ နှစ်စဉ်ဝင်ငွေပိုမိုရရှိသဖြင့် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

## ဇေယျာပဒေသာ ဖောင်ဒေးရှင်း(စစ်ကိုင်းတိုင်းဒေသကြီး)အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့သည် နိုဝင်ဘာ ၁၈ ရက် ညပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဖလား ခရိုင်အလိုက် ကာယဗလ၊ ကာယအလှပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ခရိုင်အသီးသီးမှ ကာယဗလမောင် ၁၀ ဦးနှင့် ကာယအလှမယ် ၁၃ ဦးတို့၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဝေဝေခိုင်က ကာယအလှပြိုင်ပွဲတွင် ပထမဆုရရှိသူအား ကာယအလှမယ်စလွယ်နှင့် ဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဆုရရှိသော မုံရွာခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ ကျင်းပသော ရွှေနောင်ယမ်း ကုမ္ပဏီ လီမိတက်နှင့် Chabou and Co Co., Ltd. တို့က ဇေယျာပဒေသာ ဖောင်ဒေးရှင်း (စစ်ကိုင်းတိုင်းဒေသကြီး) အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးဝမ်ယူနှင့် မစ္စတာကေလီယိုတို့က ငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း၊ အုပ်ချုပ်မှုဒါရိုက်တာကိုယ်စား တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးယုလွင်က ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဇေယျာပဒေသာဖောင်ဒေးရှင်း (စစ်ကိုင်းတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါက်တာမောင်ထူးနှင့် ဘဏ္ဍာရေးမှူး ဦးမောင်မောင်လင်းတို့က လက်ခံကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**(၉၁)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က သန်လျင်မြို့နယ် အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၁)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို သန်လျင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း ဖတ်ကြားစဉ်။** (၅၂၇)



## မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က (၉၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် "မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး" ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းသင်းမြက အမှာစကား ပြောကြားပြီး စာပေပညာရှင်မစန္ဒာက "မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေပညာရှင် ဒေါ်ကြူကြူသင်းက "မြန်မာ့ယဉ်ကျေးမှုအလှ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲနှင့် စီမံကိန်းဆိုင်ရာ ရှင်းလင်းပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၁၁ ခုနှစ် ကရင်ပြည်နယ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ဘားအံမြို့ သီရိကွင်းအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁၁ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများသို့ စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့သိန်းက စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သွေးသွေးချစ် က UN agencies, NGO, INGO များနှင့် ဆက်သွယ်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အဆင့်မြင့်ပညာဦးစီးဌာန ဦးစီးအဆင့် (အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန (အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်များဦးစီးအဆင့် (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ တက္ကသိုလ်များ ပိုက်ကျော်ခြင်း ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒဂုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလှဌေး က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်မှ ပြိုင်ပွဲဝင်အသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် Regue ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့မှ နိုဝင်ဘာ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## မြန်မာစီနီယာပီဂျီအေ လက်ရည်စစ်ပြိုင်ပွဲ (ရန်ကုန်)ပွဲစဉ် ကျင်းပပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာစီနီယာပီဂျီအေတို့ ပူးပေါင်းကျင်းပသည့် မြန်မာစီနီယာပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲ (ရန်ကုန်)ပွဲစဉ်ကို နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲအပြီးတွင် Capt အေးမင်း၊ ဦးခင်အောင်ထွန်း၊ ဦးဝင်းမြင့်ချင်း၊ ဦးစန်းအောင် (တောင်ငူ)၊ ဦးကိုကို၊ ဦးဇော်မော်၊ ဦးအေးမင်း (Kitchen Master) နှင့် ဦးဝင်းကြည်တို့ လက်ရည်စစ်ပွဲ အောင်မြင်ကြသည်။

ထိုလက်ရည်စစ်ပွဲ အောင်မြင်သူများသည် မြန်မာစီနီယာပီဂျီအေ အဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုပြီး စီနီယာပီဂျီအေ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဦးမြသီဟစိုး (၅၅ အုတ်၊ သဲ၊ ကျောက်ဒိုင်) သည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်မြမိုး၊ ဦးလှုံ စုန်မိန်းတို့နှင့်အတူ နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Precept (EV) NO(1) ဘောလုံးကို Mizuno (notus) Iron NO (6) သံတုတ်ဖြင့် ရိုက်လိုက်ရာ (၁၄၂) ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

## ၂၀၁၁ ခုနှစ် ကွင်းဖွင့်ဗလား တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် ကွင်းဖွင့်ဗလားတင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် အမျိုးသား၊ အမျိုးသမီး၊ အသက်(၁၂)နှစ်အောက် အမျိုးသား၊ အမျိုးသမီး၊ အသက်(၁၄)နှစ်အောက် အမျိုးသား၊ အမျိုးသမီး၊ အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး၊ အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားမောင်မယ်များသည် ပြိုင်ပွဲဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် လည်းကောင်း၊ နိုင်ငံခြားသား တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး အမေရိကန်ဒေါ်လာ ငါးဒေါ်လာဖြင့် လည်းကောင်း နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူလမ်း)သို့ ရုံးချိန်အတွင်း စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲများမှာ ရှုံးထွက်ပွဲစဉ်များဖြစ်ပြီး ပြိုင်ပွဲကို Best of three စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ပထမပွဲနှင့် ဒုတိယပွဲများတွင် Tie- Break စနစ်ကို ကျင့်သုံးပြီး နောက်ဆုံး တတိယပွဲတွင် ပွဲငယ်နှစ်ပွဲပြတ်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**※ ကျောဖုံးမှ**

သို့သော် မန်စီးတီးအသင်းမှ တာဝန်ရှိသူများက ယင်းသည် မန်စီးတီးအသင်းအား ဥရောပထိပ်သီးကလပ် ဖြစ်လာစေရန် ရည်ရွယ်လုပ်ဆောင်မှုတစ်ခုသာဖြစ်ကြောင်း ဖြေရှင်းချက်ပေးခဲ့သည်။

သို့သော်ငြားလည်း မန်စီးတီးအသင်းသည် ငွေကြေးအလွန်အကျွံသုံးစွဲမှုကြောင့် ယူအီးအက်ဖ်အေအဖွဲ့ အသစ်ထုတ်ပြန်ထားသည့် ဘဏ္ဍာငွေထိန်းချုပ်မှုစည်းမျဉ်းအရ ၂၀၁၄ ခုနှစ်၏ ဥရောပပွဲများကို လွဲချော်နိုင်ခြေ ရှိနေသည်။ ယခင်ဘဏ္ဍာငွေသုံးစွဲမှု အများဆုံးအသင်းအဖြစ် စံချိန်တင်ထားသည့် အသင်းမှာ ချယ်လ်ဆီးအသင်းဖြစ်ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ပေါင် ၁၄၁ သန်း အရှုံးပေါ်ခဲ့သည်။ သို့သော် ယခုမန်စီးတီးအသင်းက ပေါင် ၁၉၄ ဒသမ ၉ သန်းဖြင့် စံချိန်သစ်တင်ထားသည်။

ယင်းကဲ့သို့ အရှုံးပေါ်မှုများကို အသင်း၏ ဝတ်စုံများ စပွန်ဆာပေးမည့် Etihad လေကြောင်းလိုင်းနှင့် ၁၀ လစာ စာချုပ်ချုပ်ဆိုမည့် စာချုပ်သစ်မှ ရရှိလာမည့် ပေါင်သန်း ၃၅၀ နှင့် အခြားစီးပွားရေးကဏ္ဍများမှ ရရှိလာမည့် ဝင်ငွေများဖြင့် ချေဖျက်နိုင်မည်ဟု မန်စီးတီးအသင်းက ဆိုသည်။ သို့သော် ကလပ်အသင်းများ လာမည့်သုံးနှစ်တာကာလအတွင်း အရှုံးပေါ်ငွေ ပေါင်သန်း ၄၀ ထက်မပိုရဆိုသည့် ဘဏ္ဍာငွေထိန်းချုပ်မှု စည်းမျဉ်းမှာ ယခုနှစ်ဘောလုံးရာသီ၌ စတင်အသက်ဝင်ခဲ့ပြီဖြစ်ရာ မန်စီးတီးအတွက် အသက်ရှူကျပ်စေမည့် အချိန်ကာလများပင်ဖြစ်ပေလိမ့်မည်။ ***အင်တာနက်။***

### ထူးခြားသည့် ညအပူချိန်များ

(၂၃-၁၁-၂၀၁၁)

| | | |
|---|---|---|
| ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၆ | ဒီဂရီစင်တီဂရိတ် |



နိုဝင်ဘာ ၃ ရက် ည ၁၀ နာရီခန့်က ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိုးကောင်း-ကာမိုင်းလမ်း မိုင်တိုင်အမှတ် (၁၇/၀)ရှိ နန့်ဟိုင် ဘေလီတံတားပေါ်မှ ကုန်တင်ယာဉ် ခြောက်ဘီးကားတန်ပိုယာဉ် ဖြတ်သန်းမောင်းနှင်မှုကြောင့် တံတားကျိုးကျပျက်စီးသွားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

## အင်တာနက်ဆိုင်တွင် ဂျီအက်စ်အမ်ဖုန်းခိုးမှု ဖမ်းဆီးအရေးယူ

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဗိုလ်တထောင်မြို့နယ်နေ မစုစန္ဒီမြင့်သည် နေအိမ်အနီး ဖွင့်ထားသော အင်တာနက်ဆိုင်တွင် ၎င်းကိုင်ဆောင်သည့် GSM-LG Mobile ဖုန်းအား အင်တာနက်ဆိုင်၏ စက်အမှတ် (၁) ကွန်ပျူတာဖြင့် ချိတ်ဆက်အားသွင်းလျက် ဆိုင်ဝန်ထမ်းတစ်ဦးအား ကြည့်ပေးရန် ပြောပြီး ထွက်ခဲ့သည်။ ၁၂ နာရီခွဲခန့်တွင် အဆိုပါဝန်ထမ်းက "ဖုန်းပြန်ယူသွားသလား"ဟု လာမေးသဖြင့် မယူကြောင်း ပြော၍ သွားရောက်ကြည့်ရှုရာ ပျောက်ဆုံးနေကြောင်းသိရသဖြင့် ခိုးယူသူကို စုံစမ်းအရေးယူပေးရန် မစုစန္ဒီမြင့်က တိုင်ကြား၍ ဗိုလ်တထောင်ရဲစခန်း(ပ) ၁၅၂/၁၁ ပြစ်မှုပုဒ်မ -၃၈၀အရ အမှုဖွင့် အရေးယူသည်။

ယင်းသို့ ခိုးယူခံရမှုနှင့် ပတ်သက်၍ ဗိုလ်တထောင်ရဲစခန်းမှ အမှုစစ်နယ်ထိန်းအရာရှိ ဒု-ရဲအုပ် အောင်နိုင်ဝင်း အဖွဲ့နှင့် ဒလရဲစခန်းတို့ ပူးပေါင်းဖော်ထုတ်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် ဒလမြို့ ညောင်ကုန်းရပ်ကွက်နေ ကုလားလေးအား ဖမ်းဆီးရမိ၍ စစ်ဆေးသည်။ ကုလားလေးက နိုဝင်ဘာ ၇ ရက် နံနက်တွင် စိုင်းစိုင်းနှင့်အတူ ဒလဘက်ကမ်းမှ ရန်ကုန် ပန်းဆိုးတန်းလမ်းသို့ ကူးလာပြီး ကမ်းနားလမ်း ကြက်ခြေနီရုံးအနီးရှိ အင်တာနက်ဆိုင်သို့ သွားရောက်ကာ LG Mobile ဖုန်းကို ခိုးယူခဲ့ကြောင်း ဝန်ခံထွက်ဆိုသည်။ သက်သေခံဖုန်းအား ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး အမှုနှင့် ဆက်စပ်ပတ်သက်နေသော ကုလားလေး (ခ) ထက်ထွန်းအောင် အပါအဝင် သုံးဦးကို စစ်ဆေးလျက်ရှိပြီး တိမ်းရှောင်နေသူ စိုင်းစိုင်းအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (၃၁)

## မြောင်းမြ၌ သီလရှင်တစ်ပါးအား ဆိုင်ကယ်ဖြင့်နောက်မှဝင်တိုက် သေဆုံးမှုဖြစ်ပွား

**မြောင်းမြ နိုဝင်ဘာ ၂၃**

မြောင်းမြမြို့၌ နိုဝင်ဘာ ၁၆ ရက်တွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ မြောင်းမြမြို့ ကျွန်းတောလမ်းမကြီးဘေးမှ လမ်းလျှောက်သွားသူ ရွှေကူသီလရှင်စာသင်တိုက်မှ စာချဆရာကြီး ဒေါ်ရူပသီဂီ (မြို့နယ်သီလရှင် အမှုဆောင်ဥက္ကဋ္ဌ) အသက် (၅၂)နှစ်အား ဆိုင်ကယ်သမားက မော်တော်ကားကို ရှောင်လိုက်ရာမှ နောက်မှဝင်တိုက်မိခြင်းဖြစ်သည်။ ဆိုင်ကယ်စီးသူမှာ ကန်ကြီးထောင့်မြို့နယ် ကျွန်းတောကုန်းကျေးရွာအုပ်စုမှ ဇော်မင်းဦး အသက် (၃၁)နှစ်ဖြစ်ပြီး ဆိုင်ကယ် ကယ်ရီပြေးဆွဲရန် မြောင်းမြမြို့၌ ယင်းနေ့တွင် ဆိုင်ကယ်လာရောက်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီလရှင်ကြီး၏ ဦးခေါင်းနှင့် မျက်လုံးတို့တွင် ထိခိုက်မိသဖြင့် မြောင်းမြပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသရာမှ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားသည်။

ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူ ဇော်မင်းဦးအား မြောင်းမြမြို့ ရဲစခန်းမှ ယာဉ်တိုက်မှုအပါအဝင် လူသေမှုဖြင့် အရေးယူထားသည်။ မြောင်းမြမြို့ပေါ်နှင့် မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တာဝန်ရှိသူများက ပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော်လည်း ယာဉ်တိုက်မှုအန္တရာယ်များရှိနေသည့်အတွက် ယာဉ်ပိုင်ရှင်များ၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်သမားများ ယာဉ်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု သင်ခန်းစာယူသင့်ကြောင်း အသိပေးအပ်ပါသည်။ (ကိုအောင်မင်း)

## အမျိုးသားနေ့ အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် တပ်ကုန်းမြို့ အထက(၁)ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၉၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလူ ဖတ်ကြားစဉ်။ (၀၉၂)



ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (၉၁)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က အထက(၁) သပြေခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင် ဖတ်ကြားစဉ်။ (၅၀၆)



(၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၉၁)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး ဖတ်ကြားစဉ်။ (၅၆၈)



ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၉၁)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၁)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဖတ်ကြားစဉ်။ (၄၉)

**ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ စီးရမည်။**
**ဆိုင်ကယ်စီးရာတွင် လူနှစ်ဦးထက် ပိုမစီးရ။**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် အာရှဖိုရမ် အမှုဆောင်ဒါရိုက်တာတို့ လာရောက်တွေ့ဆုံ

နေပြည်တော်   နိုဝင်ဘာ   ၂၃

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohame Abdel-Ahad နှင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အမတ်များ၏ အာရှဖိုရမ် (AFPPD) အမှုဆောင် ဒါရိုက်တာ Mr. Shiv Khare တို့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် ပြည်သူ့လွှတ်တော် ကော်မတီအတွင်းရေးမှူးများ တက်ရောက်ကြသည်။



**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohame Abdel-Ahad နှင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အမတ်များ၏ အာရှဖိုရမ်(AFPPD) အမှုဆောင်ဒါရိုက်တာ Mr. Shiv Khare တို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## မေးမြန်းဆွေးနွေး

တွေ့ဆုံပွဲအပြီးတွင် အာရှဖိုရမ် (AFPPD) အမှုဆောင်ဒါရိုက်တာက ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များအား လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အမတ်များအတွက် အာရှဖိုရမ် (AFPPD)၏ လုပ်ပိုင်ခွင့်အာဏာ(Mandate)၊လှုပ်ရှားဆောင်ရွက်မှုများ (Activities)၊ အဖွဲ့ဝင်ဖြစ်မှု (Membership)၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်များတွင် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများအပေါ် Power Point ဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

(သတင်းစဉ်)

# ၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ၁၄၆၆၂ ဒသမ ၉ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော်   နိုဝင်ဘာ   ၂၃

**၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ဘိန်းခင်း ၁၂၅၀၂ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။**

## ထပ်မံဖျက်ဆီး

နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ဘိန်းခင်း ၂၁၆၀ ဒသမ ၄ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်း ၁၄၆၆၂ ဒသမ ၉ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သော ဘိန်းခင်း ၂၁၆၀ ဒသမ ၄ ဧကအနက် ရှမ်းပြည်နယ် ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်၊ တောင်ကြီး၊ ဟိုပုံး၊ မိုင်းကိုင်၊ မောက်မယ်နှင့် လွိုင်လင်မြို့နယ် အတွင်းမှ ၂၁၂၀ ဒသမ ၉ ဧကနှင့် ကယားပြည်နယ် ဖရူဆိုနှင့် ဒီမောဆို မြို့နယ်အတွင်းမှ ၃၉ ဒသမ ၅ ဧက တို့ကို ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၁-၉-၂၀၁၁ ရက်မှ ၁၃-၁၁-၂၀၁၁ ရက်အထိ ဘိန်းခင်းဖျက်ဆီးနိုင်မှု အခြေပြဇယား**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ၂၀၁၁-၂၀၁၂ ဖျက်ဆီးမှု | |
|---|---|---|---|
| | | ဧက | ဟက်တာ |
| ၁ | ရှမ်းပြည်နယ်(တောင်) | ၁၄၅၉၅. ၄ | ၅၉၀၆. ၆၈ |
| ၂ | ရှမ်းပြည်နယ်(အရှေ့) | ၂၈ | ၁၁. ၃၃ |
| ၃ | ကယား | ၃၉. ၅ | ၁၅. ၉၉ |
| | **စုစုပေါင်း** | **၁၄၆၆၂. ၉** | **၅၉၃၄** |

နိုင်ငံတကာအားကစားသတင်း

ဟိန်းထက်လင်း

# အာစင်ဝင်းဂါး အာဆင်နယ်ကို စွန့်ခွာတော့မည်လော



*အာဆင်နယ်အသင်း၏ ဝါရင့်နည်းပြ အာစင်ဝင်းဂါး။*

**လန်ဒန်   နိုဝင်ဘာ   ၂၃**

အာဆင်နယ်အသင်း၏ ဝါရင့်နည်းပြ အာစင်ဝင်းဂါးက ယခုနှစ်ဘောလုံးရာသီမှာ မိမိနှင့် အာဆင်နယ်အသင်းတို့၏ နောက်ဆုံးလက်တွဲခြင်းဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ လက်ရှိ အာဆင်နယ်နှင့် ဝင်းဂါးတို့ ချုပ်ဆိုထားသည့် စာချုပ်မှာ နှစ်နှစ်ခန့် ကျန်ရှိနေသေးသည်။

သို့သော် ဝင်းဂါးက ဖာဘရီဂတ်စ်နှင့် နာဆရီတို့ ဘာစီလိုနာနှင့် မန်စီးတီးတို့သို့ ပြောင်းရွှေ့သွားခြင်းက ၎င်းအတွက် များစွာနစ်နာစေခဲ့ကြောင်း၊ လက်ရှိ အချိန်တွင် အသင်းအား အကောင်းဆုံးပုံစံရရှိအောင် စွမ်းဆောင်ရန် မလုပ်ဆောင်နိုင်တော့ကြောင်း၊ အကယ်၍ အာဆင်နယ်အသင်း ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် ကြီးလေးကြီးစာရင်းမဝင်ပါက မိမိအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိစောင့်ဆိုင်းမနေတော့ဘဲ အသင်းမှ ထွက်ခွာရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းကဆက်လက်၍ မိမိ၏ လူငယ်ကစားသမားများ ထွက်ခွာသွားခြင်းသည် အောင်မြင်မှုရရှိလို၍ ဖြစ်ကြောင်း၊ ယင်းသည် ဆုဖလားနှင့် ဝေးကွာနေသော မိမိ၏ အာဆင်နယ်အသင်းတွင် မနေလို၍ဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့သည်။   **အင်တာနက်။**

## ဥရောပပြိုင်ပွဲဝင်ရန် အခက်တွေ့နေသည့်မန်စီးတီး

**မန်ချက်စတာ   နိုဝင်ဘာ   ၂၃**

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် ယမန်နှစ်ဘောလုံးရာသီက ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၃)တွင် ရပ်တည်နိုင်ခဲ့ပြီး အက်ဖ်အေဖလားပါရယူနိုင်ခဲ့သော်လည်း ပေါင် ၁၉၅ သန်းခန့် အရှုံးပေါ်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် နည်းပြ မန်စီနီအနေဖြင့် အသင်း၏ ဘဏ္ဍာငွေသုံးစွဲမှုကို ထိန်းချုပ်ခြင်းမပြုပါက ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာ ရရှိရန် ဝေဝါးနေဦးမည်ဖြစ်သည်။

အဆိုပါ တစ်နှစ်စာ ပေါင် ၁၉၅ သန်း(သို့) တစ်ရက်စာ ပေါင် ၅၀၀၀၀၀ အရှုံးပေါ်မှုတွင် အဂူရိုနှင့် နာဆရီတို့ဝယ်ယူရန် သုံးစွဲခဲ့သည့် ပေါင် ၇၇ သန်း မပါဝင်သေးပေ။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**✳

# လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့နိုင်

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈ ၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။